2022

vic roads

အချက်အလက်စာစောင်

# သင်၏ ဗစ်က်တိုးရီးယား ယာဉ်မောင်းလိုင်စင်ကို မည်ကဲ့သို့ရယူရမည်

## ပြည်ပ လိုင်စင်ကိုင်ဆောင်သူများအတွက်လမ်းညွှန်

ဗစ်က်တိုးရီးယားတွင် လိုင်စင်ယူပြီး ကားမောင်းနိုင်ရန်မှာ သင်သည် လမ်းစည်းကမ်းများအား နားလည်ပြီး ကားတစ်စီးကို ဘေးကင်းစွာ ထိန်းနိုင်မှုကို VicRoads မှ ကျေနပ်ရမည်။

### ယာယီဗီဇာကိုင်ဆောင်ထားကြသူများ

အကယ်၍သင်သည် ဗစ်က်တိုးရီးယားတွင် ယာယီဗီဇာဖြင့်ရှိလျှင် သင်သည် သင်၏ (လက်ရှိနှင့် သက်တမ်းရှိဆဲဖြစ်ရမည့်) ပြည်ပယာဉ်မောင်းလိုင်စင်ဖြင့်  ကာလအကန့်အသတ်မရှိ မောင်းနှင်ခွင့်ရှိနိုင်သည်။ သင်၏ ပြည်ပယာဉ်မောင်းလိုင်စင်သည် အင်္ဂလိပ်စာနှင့်ဖြစ်ရမည် (သို့မဟုတ် အင်္ဂလိပ်လို ဘာသာပြန်ထားရမည် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်ရှိရမည်)။ အကယ်၍သင်သည် ဗစ်က်တိုးရီးယားလိုင်စင်တစ်ခုကို လျှောက်ပြီး၊ လိုအပ်သော စာမေးပွဲများကိုဖြေဆိုအောင်မြင်၍ လိုင်စင်တစ်ခုကိုရရှိလျှင်၊ သင်၏ပြည်ပလိုင်စင်သည် ယာဉ်မောင်းရန်အတွက် တရားမဝင်တော့ပါ။

### အမြဲတမ်းနေထိုင်ကြသူများ

အကယ်၍သင်သည် ဗစ်က်တိုးရီးယားတွင် အမြဲတမ်းဗီဇာဖြင့်နေထိုင်လျှင် သင်သည် သင်၏ (လက်ရှိနှင့် သက်တမ်းရှိဆဲဖြစ်ရမည့်) ပြည်ပယာဉ်မောင်းလိုင်စင်ဖြင့်  မောင်းနှင်ခွင့်ရှိနိုင်သည့်အချိန်ကာလမှာ၊

- သင် ဩစတြေးလျားနိုင်ငံသို့စတင်ဝင်သည့်ရက်စွဲမှ ခြောက်လအထိ (အကယ်၍ အမြဲတမ်းဗီဇာကို သင် ဩစတြေးလျားသို့မဝင်မီ ထုတ်ပေးခဲ့လျှင်)၊ သို့မဟုတ်
- သင့်အား အမြဲတမ်းဗီဇာထုတ်ပေးသည့်ရက်စွဲမှ ခြောက်လအထိ (အကယ်၍အမြဲတမ်းဗီဇာကို သင့်အား ဩစတြေးလျားနိုင်ငံ၌ ထုတ်ပေးခဲ့လျှင်)ဖြစ်သည်။

သင်၏ ပြည်ပယာဉ်မောင်းလိုင်စင်သည် အင်္ဂလိပ်စာနှင့်ဖြစ်ရမည် (သို့မဟုတ် အင်္ဂလိပ်လို ဘာသာပြန်ထားချက် သို့မဟုတ် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းခွင့်နှင့် ပူးတွဲရှိရမည်)။ အကယ်၍သင်သည် ခြောက်လကျော်လွန်ပြီးနောက်ပိုင်း၌ ဆက်လက်၍မောင်းနှင်လိုပါက သင်သည် ဗစ်က်တိုးရီးယားလိုင်စင်တစ်ခုကို လိုအပ်လိမ့်မည်။

**ဗစ်က်တိုးရီးယားလိုင်စင်ရရှိရန်မှာ သင်သည်အသက် ၁၈ နှစ် ရှိရမည်။**

### သင်၏ ဗစ်က်တိုးရီးယားလိုင်စင်အား ရယူခြင်း

အချို့နိုင်ငံများ၌ ဩစတြေးလျားနိုင်ငံနှင့်ဆင်တူသည့် လိုင်စင်စံမူများရှိသည်။ အကယ်၍သင်၏ လိုင်စင်မှာ သက်တမ်းရှိဆဲဖြစ်လျှင် သို့မဟုတ် သက်တမ်းကုန်ဆုံးသွားသည်မှာ ငါးနှစ်ထက်မကျော်သေးလျှင်၊ သင်သည် စာမေးပွဲဖြေရန်မလိုအပ်ဘဲ သင်၏ပြည်ပလိုင်စင်ကို ဗစ်က်တိုးရီးယားလိုင်စင်အဖြစ်သို့ ပြောင်းယူကောင်းပြောင်းယူနိုင်မည်။ သင့်နိုင်ငံသည် ဤစာရင်းဝင်ဟုတ်၊ မဟုတ်ကိုသိရှိရန် **vicroads.vic.gov.au/overseasdriverslicences** ၌ကြည့်ပါ။

ဗစ်က်တိုးရီးယားလိုင်စင်တစ်ခုကိုရရှိရေးအလို့ငှာ ရက်ချိန်းယူရန်အတွက် ၁၃ ၁၁ ၇၁ ကို ဖုန်းဆက်ပါ သို့မဟုတ် VicRoads ဝန်ဆောင်မှုဌာနတစ်ခုခုသို့သွားပါ။

အကယ်၍သင့်လိုင်စင်သည် အသိအမှတ်ပြုထားသောစာရင်းတွင် မပါရှိသည့်နိုင်ငံတစ်ခုမှ ဖြစ်ပါက၊ သင်ဖြေဆိုအောင်မြင်ရန်လိုအပ်သည်မှာ၊

- ကွန်ပျူတာအခြေပြု လမ်းစည်းကမ်းများဆိုင်ရာ အသိပညာ စာမေးပွဲနှင့်
- ကွန်ပျူတာအခြေပြု ဘေးအန္တရာယ်ကိုသိမြင်နားလည်ခြင်းအား စာမေးပွဲနှင့်
- လမ်းပေါ်၌ ယာဉ်မောင်းစာမေးပွဲတို့ဖြစ်ကြသည်။

ဤစာမေးပွဲများကို VicRoads ဝန်ဆောင်မှုဌာနတွင် ပြုလုပ်ပြီး ကြိုတင်စီစဉ်၍ ရက်ချိန်းယူရမည်။ သင်သည် စာမေးပွဲတစ်ခုကိုအောင်ပြီးမှသာ နောက်တစ်ခုကိုဖြေနိုင်သည်။ စာမေးပွဲအောင်စာရင်းသည် ၁၂ လအတွက်သက်တမ်းရှိသည်။ အကယ်၍ ဤအချိန်အတောအတွင်း၌ လိုင်စင်ထုတ်ပေးခံရခြင်းမရှိခဲ့ပါက၊ စာမေးပွဲအသစ်တစ်ခုကို ဖြေဆိုရန်လိုအပ်သည်။

### လိုင်စင်အား ဘာသာပြန်ဆိုခြင်း

အပြည်ပြည်ဆိုင်ရာယာဉ်မောင်းခွင့်တစ်ခုအား  ဘာသာပြန်ဆိုချက်တစ်ခုအဖြစ် လက်ခံသော်လည်း ၎င်းသည် ပြည်ပယာဉ်မောင်းလိုင်စင် တစ်ခုနှင့်အတူ ပူးတွဲရှိရမည်။

အကယ်၍သင့်ထံ၌ ယာဉ်မောင်းခွင့်မရှိပြီး သင်၏လိုင်စင်သည် အင်္ဂလိပ်စာနှင့်မဟုတ်ပါက ၎င်းအား အင်္ဂလိပ်ဘာသာနှင့်ပြန်ဆိုပြီး ပူးတွဲပြရမည်။ သင့်စရိတ်ဖြင့်သင် ဘာသာပြန်ရမည်။

VicRoads မှ အောက်ပါ ဘာသာပြန်သူများကိုသာ လက်ခံသည်

- NAATI အသိအမှတ်ပြု (မည်သည့်အဆင့်မဆို) ဘာသာပြန်တစ်ဦး သို့မဟုတ်
- ဩစတြေးလျားနိုင်ငံရှိ ဆီလျော်ရာ ကောင်စစ်ဝန်ရုံးတစ်ခု၊ သို့မဟုတ်
- မူရင်းနိုင်ငံမှ တရားဝင်ဘာသာပြန်ဆိုချက်တစ်ခုတို့ဖြစ်ကြသည်။

အကယ်၍သင့်ထံ၌ သင့်လိုင်စင်မရှိပါက သင်သည် အောက်ပါတို့မှ မူရင်းစာကို သော်လည်းကောင်း သို့မဟုတ် မူရင်းစာ၏မိတ္တူကို အတည်ပြုထောက်ခံ၍သော်လည်းကောင်း တင်ပြနိုင်သည်။

- သင်၏လိုင်စင်အသေးစိတ်ကိုအတည်ပြုပေးသည့် သင့်နိုင်ငံမှ လိုင်စင်လုပ်ပေးရေး အာဏာပိုင်၊ သို့မဟုတ်
- သင့်နိုင်ငံမှ လိုင်စင်လုပ်ပေးရေးအာဏာပိုင်ထံ၌ရှိသည့် သင့်လိုင်စင်အသေးစိတ်ကို အတည်ပြုပေးသည့် သင့်နိုင်ငံကောင်စစ်ဝန်ရုံးတို့ဖြစ်ကြသည်။

## လိုင်စင် စာမေးပွဲများ

### စာမေးပွဲများအတွက် ကြိုတင်ရက်ချိန်းယူရန်

- ၁၃ ၁၁ ၇၁ ကို ဖုန်းဆက်ပါ။
- သင်ရက်ချိန်းယူသည့်အခါ၌ သင်သည် စာမေးပွဲကြေးကိုပေးရလိမ့်မည်။
- အကယ်၍ သင့်ဘာသာစကားနှင့် ဖြေဆိုနိုင်သည့် စာမေးပွဲကို စီစဉ်ထားခြင်းမရှိပြီး အင်္ဂလိပ်စာနားလည်ရန်အတွက် သင်အကူအညီလိုအပ်လျှင် VicRoads မှ စကားပြန်များအား အခမဲ့ စီစဉ်ပေးသည်။ စကားပြန်တစ်ဦးနှင့်အတူ စာမေးပွဲဖြေနိုင်ရေးကို စီစဉ်ရန် VicRoads ဝန်ဆောင်မှုဌာနသို့သွားပါ။
- စာမေးပွဲသို့ သင် မည်သည့်အရာများအား ယူလာရန် လိုအပ်သည်ကို ဝန်ဆောင်မှုအရာရှိမှ သင့်အား အသိပေးလိမ့်မည်။

### စာမေးပွဲများသို့ လာရောက်ခြင်း

- စာမေးပွဲ မစတင်မီ ဆယ်မိနစ် ကြိုတင်အရောက်လာပါ။
- စာမေးပွဲအတွက်လိုအပ်မည်ဟု သင့်အား မှာထားသည်များအားလုံးကို ယူဆောင်လာပါ။
- အကယ်၍လိုအပ်လျှင် သင်၏ပြည်ပလိုင်စင်နှင့် ဘာသာပြန်ထားချက်တို့ကို ယူဆောင်လာပါ (လိုင်စင်အား ဘာသာပြန်ဆိုခြင်း အပိုင်း၌ ကြည့်ပါ)။
- အကယ်၍သင် နောက်ကျလျှင် သို့မဟုတ် မှန်ကန်သည့်စာရွက်စာတမ်းများအား မတင်ပြလျှင် သင်သည် စာမေးပွဲကို ဖြေဆိုနိုင်လိမ့်မည်မဟုတ်ပါ။

## ကွန်ပျူတာအခြေပြု လမ်းစည်းကမ်းများ၏ အသိပညာ စာမေးပွဲ

စာမေးပွဲအတွက်အသင့်ပြင်ရန် သင်သည် **vicroads.vic.gov.au** ၌ အွန်လိုင်းအရ ကြည့်နိုင်သော တစ်ဦးတည်း ယာဉ်မောင်းရေးလမ်းကြောင်း လက်စွဲစာအုပ်ကို ဖတ်ရှုထား၍ ကျက်မိထားပြီးဖြစ်သင့်သည်။ ယင်းလက်စွဲစာအုပ်ကို အင်္ဂလိပ်၊ တရုတ် (တရားဝင်)၊ ဗီယက်နမ်၊ တူရကီနှင့် အာရပ် ဘာသာစကားများဖြင့်ရရှိနိုင်သည်။

စာမေးပွဲကို အောက်ပါဘာသာစကားများဖြင့်ဖြေဆိုနိုင်သည်။

| | | |
|---|---|---|
| အယ်လ်ဘေးနီးယား | မာဆီဒိုးနီးယား | ဆိုမာလီ |
| အာရပ် | ပါရှား | စပိန် |
| ကမ်ဘောဒီးယား | ရုရှား | တူရကီ |
| တရုတ် | ဆာဘီယား | ဗီယက်နမ် |
| အင်္ဂလိပ် | သိရီလင်္ကာ | |

သင်သည် **vicroads.vic.gov.au** ၌ အစမ်းစာမေးပွဲကို အင်္ဂလိပ်စာနှင့်ဖြေဆိုနိုင်သည်

### အသိပညာစာမေးပွဲ

- လမ်းစည်းကမ်းများနှင့် ယာဉ်မောင်းတစ်ဦး၏တာဝန်များတို့ဖြင့် စပ်ဆိုင်သည့် သင်၏ အသိပညာကို တစ်ဦးတည်း ယာဉ်မောင်းရေးလမ်းကြောင်း လက်စွဲစာအုပ်အပေါ် အခြေပြု၍ အကဲဖြတ်ခြင်းဖြစ်သည်။
- မေးခွန်း ၃၂ ပုဒ်ရှိပြီး စာမေးပွဲအောင်ရန်အတွက် သင်သည် အမှတ် ၇၈ % သို့မဟုတ် ၎င်းအထက်လိုအပ်သည်။

## ကွန်ပျူတာအခြေပြု ဘေးအန္တရာယ်သိမြင်နားလည်ခြင်း စာမေးပွဲ

### ဘေးအန္တရာယ်သိမြင်နားလည်ခြင်းစာမေးပွဲသည် -

- အခြားယာဉ်များ၊ လမ်းသွားလူများနှင့် စက်ဘီးစီးသူများတို့ကဲ့သို့သော လူနှင့်ယာဉ် အသွားအလာအခြေအနေအမျိုးမျိုးကို သင့်အနေဖြင့် အသိအမှတ်ပြု၍ တုံ့ပြန်နိုင်မှုကို ချင့်ချိန်အကဲဖြတ်သည်။
- ယာဉ်မောင်းတစ်ဦး၏အမြင်ရှုထောင့်မှ ရိုက်ထားသော ဗွီဒီယိုပြကွက်အတိုများပါဝင်သည်။ အကယ်၍သင်သာ ယာဉ်မောင်းဖြစ်ပါက သင်မည်သည့်အခါ၌ တုံ့ပြန်မည်ကို အချက်ပြရမည် (ဥပမာ အရှိန်လျှော့ချခြင်း သို့မဟုတ် စတင်ကွေ့ခြင်း)။
- သင်၏တုံ့ပြန်မှုများကို ဘေးကင်းမှုအပိုင်းကဏ္ဍမှ ချင့်ချိန်အကဲဖြတ်လိမ့်မည်။
- စာမေးပွဲကိုအပြီးသတ်ရန် သင့်ထံ၌ ၄၅ မိနစ်ရှိလိမ့်မည်။
- သင်သည် ဘေးအန္တရာယ်သိမြင်နားလည်ခြင်းစာမေးပွဲကို အထက်စာရင်း၌ဖော်ပြထားသည့် မည်သည့်ဘာသာစကားနှင့်မဆို ဖြေဆိုနိုင်သည်။

## လမ်းပေါ်၌ယာဉ်မောင်း စာမေးပွဲ

လမ်းပေါ်၌ယာဉ်မောင်းစာမေးပွဲ၏အထောက်အကူဖြင့် သင်၏ဘေးအန္တရာယ်ကင်းစွာ ကားမောင်းနိုင်စွမ်းကို ချင့်ချိန်အကဲဖြတ်သည်။ သင်သည် -

- ဘေးအန္တရာယ်ကင်းစွာ ယာဉ်မောင်းရမည်
- ကားကို ချောမွေ့စွာ ထိန်းချုပ်ရမည်
- လမ်းစည်းကမ်းများကို နာခံရမည်
- အခြားလမ်းသုံးသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်

### ယာဉ်မောင်းစာမေးပွဲ

- ယာဉ်မောင်းအကြို စစ်ဆေးမှုတစ်ခုနှင့် ယာဉ်မောင်းသည့် အဆင့်နှစ်ဆင့်တို့ဖြင့် ဖွဲ့စည်းထားသည်။
- သင်သည် ပထမအဆင့်ကိုအောင်မြင်မှသာ ဒုတိယအဆင့်သို့ တက်နိုင်ပါလိမ့်မည်။
- ပထမအဆင့်တွင် ခက်ခဲမှုလျော့နည်းသော ယာဉ်အသွားအလာအခြေအနေတွင် ၁၀ မိနစ်အတွက် မောင်းရသည်။ ဒုတိယအဆင့်တွင် ပိုမိုရှုပ်ထွေးသော ယာဉ်အသွားအလာ အခြေအနေမျိုး၌ မိနစ် ၂၀ အတွက် မောင်းရသည်။

### သင်နှင့်အတူယူဆောင်လာရန် သေချာစေရမည်များမှာ -

- သင်၏ ရက်ချိန်းနံပါတ်။
- သင်၏ ပြည်ပလိုင်စင်နှင့် အကယ်၍လိုအပ်လျှင် ဘာသာပြန်ထားချက် (လိုင်စင်အား ဘာသာပြန်ဆိုခြင်း အပိုင်း၌ ကြည့်ပါ)။
- လမ်းပေါ်၌မောင်းထိုက်သည့် ကားတစ်စီး (VicRoads သည် စာမေးပွဲများအတွက် ကားများကို မစီစဉ်ပေးပါ)။
- လိုင်စင်ကြေးအတွက် ပေးငွေတို့ဖြစ်သည်။

## ယာဉ်မောင်းစာမေးပွဲကို ဖြေဆိုပြီးနောက်

လိုင်စင်စာမေးပွဲအရာရှိသည် သင် အောင်မြင်သည်၊ သို့မဟုတ် ကျရှုံးသည်ကို သင့်အား အကြောင်းပြန်မည်။

### လမ်းပေါ်၌ယာဉ်မောင်းစာမေးပွဲကို သင်အောင်မြင်သည့်အခါ၌

သင့်လိုင်စင်အတွက် သင်၏ဓာတ်ပုံကိုရိုက်ရန် သင့်အား ဓာတ်ပုံရိုက်နေရာသို့ လမ်းညွှန်ပေးလိမ့်မည်။ သင့်လိုင်စင်သည် တစ်ပတ်ခန့်အတွင်း စာတိုက်မှတဆင့် ရောက်ရှိလာလိမ့်မည်။ သင့်အား ယာဉ်မောင်းလိုင်စင်ပြေစာတစ်ခုကို ပေးအပ်မည်ဖြစ်ပြီး သင်သည်၎င်းကို သင့်လိုင်စင်အသစ်မရောက်လာမီအထိ ကားမောင်းရာ၌အသုံးပြုနိုင်သည်။

နောက်ထပ်အချက်အလက်များအတွက် **vicroads.vic.gov.au** ၌ကြည့်ပါ သို့မဟုတ် ၁၃ ၁၁ ၇၁ ၌ ဖုန်းဆက်ပါ သို့မဟုတ် VicRoads ဝန်ဆောင်မှုဌာနသို့သွားပါ။

ဤအချက်အလက်စာစောင်၌ဖော်ပြထားသော အချက်အလက်များသည် ပုံနှိပ်သည့်အချိန်တွင် မှန်ကန်ပြီး ပြောင်းလဲမှုရှိကောင်းရှိနိုင်သည်။

VRPIN02900 How to get your Victorian Driver Licence – Burmese Authorised by VicRoads, 60 Denmark Street, Kew, 3101